# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 9, 2024 | Volume 78, Number 6


၉.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၁၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၇.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၈.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၃.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၀.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၆၅ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၄၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၁၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၂.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၈၁၈ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်ပသို့ ဆန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သန်း ၁၁၀၀ ခန့်ရရှိရေးအစိုးရ၊ ပုဂ္ဂလိကနှင့် စပါးစိုက်တောင်သူများ ပူးပေါင်းဆောင်ရွက်ရန် စီစဉ်



ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် နှစ်သန်းကျော်တင်ပို့ပြီး အမေရိကန် ဒေါ်လာ သန်း ၁၁၀၀ ခန့် ရရှိနိုင်စေရန်အတွက် အစိုးရပုဂ္ဂလိကနှင့် စပါးစိုက်တောင်သူများ ပူးပေါင်းဆောင်ရွက်ရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

တောင်သူလယ်သမားများ လိုအပ်သော စိုက်ပျိုးစရိတ်၊ မျိုးစေ့နှင့်မြေဩဇာများကို လာမည့်မိုးစပါး စိုက်ပျိုးရာသီအမီ ကျေးရွာများအရောက် ဖြန့်ဖြူးပေးနိုင်ရေးအတွက် သက်ဆိုင်ရာကုမ္ပဏီများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ပူးပေါင်း၍ လုပ်ငန်းစဉ်ချမှတ်ကာ စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ “ဒီဘဏ္ဍာနှစ်မှာ ပို့ကုန်ရည်မှန်းချက်အနေနဲ့ ဆန်တန်ချိန်နှစ်သန်းကျော် အမေရိကန်ဒေါ်လာသန်း ၁၁၀၀ လောက် ပို့ကုန်ဝင်ငွေရရှိဖို့ ရည်မှန်းထားပါတယ်။ ဒီရည်မှန်းချက်တွေ ပြည့်မီအောင် လုပ်ဖို့ဆိုရင် ပြည်တွင်းစားသုံးတဲ့ ဆန်တွေအပြင် ပြည်ပတင်ပို့တဲ့ဆန်တွေလည်း များများထွက်ရှိပြီး အထွက်နှုန်းကောင်းဖို့လိုအပ်ပါတယ်။ အဲဒီလိုအထွက်နှုန်းတွေကောင်းဖို့အတွက် အစိုးရ၊ ပုဂ္ဂလိကနဲ့ စပါးစိုက်တောင် သူတွေ ပူးပေါင်းဆောင်ရွက်မှာပါ။ အဓိက က တောင်သူလယ်သမားတွေလိုအပ်တဲ့ စိုက်ပျိုးစရိတ်၊ မျိုးစေ့နဲ့မြေဩဇာစတာတွေကို လာမဲ့မိုးစပါးစိုက်ပျိုးရာသီအမီ ကျေးရွာတွေအရောက် ဖြန့်ဖြူးပေးနိုင်အောင်

စီစဉ်ဆောင်ရွက်ပါမယ်”ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က နိုင်ငံပိုင်သတင်းဌာနသို့ ပြောကြားထားသည်။

ယခုအခါ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် လာမည့်မိုးစပါး စိုက်ပျိုးရာသီတွင် နိုင်ငံတစ်ဝန်း၌ စိုက်ပျိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်စေရေး၊ ပြည်တွင်း၌ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးတို့အတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ ကုမ္ပဏီများနှင့်ပူးပေါင်းကာ တောင်သူများလိုအပ်သော စိုက်ပျိုးစရိတ်၊ မျိုးစေ့နှင့် မြေသြဇာများကို အချိန်မီပံ့ပိုးပေးနိုင်ရန် စတင်စီစဉ်ဆောင် ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်ပသို့ဆန်စပါးတင်ပို့မှု တိုးတက်မြင့်မားရေးသာမက ပြည်တွင်းစားသုံးမှုဖူလုံစေရေး၊ နိုင်ငံ့စီးပွားမြင့်တင်ရေးတို့အတွက်လည်း ပြည်တွင်း၌ ကန်ထရိုက်လယ်ယာစနစ်များ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာ သွင်းအားစုကုမ္ပဏီများ၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ၊ မျိုးစေ့ထုတ်လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

Source: **Popular Journal**

## ပြည်တွင်း၌ ဝယ်လိုအားမြင့်တက်နေသည့် သွင်းကုန်အစားထိုး ပီလောပီနံမှုန့်များ



မွန်ပြည်နယ်အတွင်းရှိ မြို့နယ်၊ ကျေးရွာများတွင် စိုက်ပျိုးရန် လွယ်ကူပြီး လုပ်အားခနှင့် ကုန်ကျစရိတ်သက်သာသော ပီလောပီနံများကို နေရာအနှံ့စိုက်ပျိုးလျက်ရှိပြီး အချို့ကျေးရွာများတွင် အိမ်ခြံစည်းရိုးများတွင်ပင် စိုက်ပျိုးလျက်ရှိကြောင်း၊ ပီလောပီနံမှုန့်များကို စားသောက်ကုန်များဖြစ်သည့် ကော်မှုန့်၊ သာကူချောင်း၊ သာကူစေ့များ ပြုလုပ်ခြင်း၊ ဂျုံမှုန့်နှင့်ရောနှော၍ အသုံးပြုခြင်း၊ တိရစ္ဆာန်အစာတောင့်များအဖြစ် ပြုလုပ်ခြင်းတို့တွင် အသုံးပြုလျက်ရှိကြောင်း သိရသည်။

ဝဋစက်ရုံများအနေဖြင့် ဇန်နဝါရီလနောက်ပိုင်း ဝဋရာသီကုန်ဆုံးချိန်တွင် လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းခြင်း မဖြစ်စေရန် ပီလောပီနံများ ဆက်လက်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ ဈေးနှုန်းအနေဖြင့် ပီလောပီနံ (အစို) တစ်ပိဿာလျှင် စက်ရုံအရောက်ဈေးနှုန်း ၅၀၀-၁၀၀၀ ကျပ်ဖြင့် ဝယ်ယူရရှိပြီး အမှုန့်ကြိတ်ကာ အမှုန့်တစ်ပိဿာလျှင် ၃,၀၀၀ ကျပ်ဖြင့် ရောင်းချကြကြောင်း၊ ယခင်နှစ်၌ ပီလောပီနံအမှုန့်များကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချခဲ့သော်လည်း ယခုနှစ်တွင် ပြည်ပမှ တင်သွင်းသည့် ဂျုံမှုန့်အစား ပီလောပီနံအမှုန့်များ အစားထိုး၍ အသုံးပြုလာသောကြောင့် ပြည်တွင်းဝယ်လိုအား မြင့်တက်လျက်ရှိကြောင်း သိရှိရသည်။

**DOCA (မွန်)**

https://www.commerce.gov.mm/my/article/update-news-local-trade/

## စက်မှုကုန်ချောတင်ပို့မှု ယခင်နှစ်ကာလတူထက် ပိုမိုတင်ပို့ထား

ယခုဘဏ္ဍာနှစ်၏ တစ်လအတွင်း ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုသည် ယခင်နှစ်ကာလတူထက် ပိုမိုတင်ပို့ထားနိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် စာရင်းအချက်အလက်များအရ သိရသည်။

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ၂၆ ရက်အထိ ပြည်ပသို့ စက်မှုကုန်ချော တင်ပို့မှုသည် အဆိုပါကာလအတွင်း ဒေါ်လာ ၄၅၇ ဒသမ ၁၁၈ သန်းရှိပြီး ယခင်နှစ်ကာလတူထက် တင်ပို့မှုပမာဏ ဒေါ်လာ ၄ ဒသမ ၄ သန်းခန့် ပိုမိုတင်ပို့ထားနိုင်ခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ခုနစ်လဆက်တိုက် ကုန်ထုတ်လုပ်မှုကျဆင်းခဲ့သောကြောင့် စက်မှုကုန်ချောပစ္စည်းတင်ပို့မှုသည် ဒေါ်လာ ၈ ဒသမ ၈၇၅ ဘီလီယံသာရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထက် တင်ပို့မှုပမာဏ ဒေါ်လာ ၂ ဘီလီယံကျော်အထိ လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ပို့ကုန်တင်ပို့ရာတွင် လယ်ယာထွက်၊ တိရစ္ဆာန်ထွက်၊ ရေထွက်၊ သတ္တုတွင်းထွက်၊ သစ်တောထွက်နှင့်စက်မှုကုန်ချောပစ္စည်းတို့ကို အဓိကတင်ပို့နေခြင်းဖြစ်ပြီး အဆိုပါတစ်လအတွင်း စုစုပေါင်းပို့ကုန်ပမာဏ ဒေါ်လာ ၈၈၇ ဒသမ ၅၂၂ သန်းရှိခဲ့၍ ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၁၄၀ ကျော် ပိုမိုတင်ပို့ထားနိုင်ကြောင်း စာရင်းအချက်အလက်များအရ သိရသည်။

**Source: https://www.popularmyanmar.com/?p=158134**

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာ တန်ချိန် ၃၅၀,၀၀၀ တင်ပို့နိုင်ရန် ရည်မှန်းထား



ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်းပြည်ပသို့ ရော်ဘာတန်ချိန် ၃၅၀,၀၀၀ တင်ပို့နိုင်ရန် ရည်မှန်းထားကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။


မြန်မာနိုင်ငံမှ ရော်ဘာများကို တရုတ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ဂျပန်နှင့် အိန္ဒိယ စသည့်နိုင်ငံများသို့ အများဆုံးတင်ပို့ရန် ရည်မှန်းထားကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှတာဝန်ရှိသူတစ်ဦးက နိုင်ငံပိုင်သတင်းဌာနသို့ ဖြေကြားထားသည်။ ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာတန်ချိန် ၂၀၀,၀၀၀ နီးပါး တင်ပို့ခဲ့ကြောင်း သိရသည်။

ရော်ဘာကို မြန်မာနိုင်ငံတောင်ပိုင်းဒေသများအနက် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့သည် ရော်ဘာအများဆုံးစိုက်ပျိုးသည့် ဒေသများဖြစ်သည်။ ကျန်တိုင်းဒေသကြီးများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန်ချိန်စုစုပေါင်း နှစ်သိန်းဝန်းကျင်ထွက်ရှိပြီး ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့ တင်ပို့နေပြီး ကျန်ရှိသည့်ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ အသုံးပြုလျက်ရှိကြောင်း သိရသည်။

**Source: https://www.popularmyanmar.com/?p=158131**

## ကျောက်ဆည်မြို့နယ် ရန်ပုံနှစ်ကျေးရွာ၌ စိုက်ပျိုးထားသော သင်္ဘောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည် မြို့နယ် ရန်ပုံနှစ်ကျေးရွာ၌ မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသော ရွှေနီတံဆိပ် (၁၆၈) သင်္ဘောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

သင်္ဘောပင်သည် စိုက်ပျိုးပြီး အပင်သက်တမ်းခြောက်လခန့်တွင် ရောင်းတမ်းဝင် သင်္ဘောသီးများ စတင်ဆွတ်ခူးရောင်းချရကာ အပင်ပြုစုမှုကောင်းပါက ရှစ်လခန့် ဆွတ်ခူးရောင်းချရသည်။ ရောင်းချသည့်အခါ ကုန်သည်များက စိုက်ခင်းများအထိလာရောက်ကာ အသီး ၃၅ လုံး၊ ၄၀ လုံးခန့်ဝင်သော သေတ္တာများနှင့်ထည့်၍ သေတ္တာအရေအတွက်အတိုင်း ကာလပေါက်ဈေးပေးပြီးဝယ်ယူကြကြောင်း၊ ဈေးကောင်းချိန်တွင် သေတ္တာတစ်လုံးလျှင် ငွေကျပ် နှစ်သောင်းအထိရရှိကြောင်း၊ ထို့ပြင် သင်္ဘောသီးအလုံးသေးများကို အစိမ်းဆွတ်ခူး၍ ကျောက်ဆည်ဈေး၌ လက်လီရောင်းချရာ နေ့စဉ်ဝင်ငွေများရရှိနေကြောင်း သိရသည်။

ရန်ပုံနှစ်ကျေးရွာမှ တောင်သူများအနေဖြင့် ယာမြေပိုင်ဆိုင်မှုများပြီး မြေအောက်ရေနှင့် မြစ်ရေတို့ကိုသာ အဓိကထား၍ တောင်သူလုပ်ငန်းများ လုပ်ကိုင်ရသဖြင့် ယာယီသီးနှံများဖြစ်သော ငရုတ်၊ ကြက်သွန်၊ ငှက်ပျော၊ ဖူးစားပြောင်း၊ နေကြာ၊ သင်္ဘောပင်နှင့် ကာလတိုသီးနှံများ အဓိကစိုက်ပျိုးကြသည်။

သင်္ဘောပင်စိုက်ပျိုးရာတွင် အပင်သေပျောက်မှုမရှိစေရန်အတွက် ပျိုးထောင်ပြီး သန်မာသည့်ပျိုးပင်များရွေးချယ်ကာ နေရောင်ခြည်ကောင်းစွာရရှိစေရန်နှင့် လေအဝင်အထွက်ကောင်းမွန်စေရန် မြေဘောင်များပြုလုပ်၍ တစ်ပင်နှင့်တစ်ပင်၊ တစ်တန်းနှင့်တစ်တန်း ၁၆ ပေအကွာအဝေးခန့်စိုက်ပျိုးပါက သီးလုံးပို၍လှပကြောင်း၊ လိုအပ်သည့်အချိန်များတွင် ပိုးနှင်ဆေး၊ ပိုးသတ်ဆေးများဖျန်းပေးရကြောင်းနှင့် ရာသီဥတုအခြေအနေပေါ်မူတည်၍ ရေသွင်းခြင်း၊ မြေဩဇာကျွေးခြင်းများလည်း ပြုလုပ်ပေးရကြောင်း သိရသည်။

**Source:** https://www.myawady.net.mm

https://myantrade.gov.mm/article/naypyitaw_090

## မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းအခြေအနေ



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ်မူတည်၍ ဧပြီလ၊ စတုတ္ထပတ်တွင် ငွေကျပ် ၅,၀၀၀-၆,၀၀၀ ဖြင့်လည်းကောင်း၊ မေလ၊ ပထမပတ်တွင် ငွေကျပ် ၈,၀၀၀-၁၁,၀၀၀ ဖြင့်လည်းကောင်း ရောင်းချလျက်ရှိပြီး၊ နွေရာသီတွင် ကွမ်းအထွက်နှုန်းတိုးလျက်ရှိသော်လည်း ရာသီဥတုအပူဒဏ်ကြောင့် ရွက်လိပ်ပိုးကျကာ ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုနည်းပါးခြင်းကြောင့် ဈေးကောင်းရရှိလျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

**Source: DOCA (စစ်ကိုင်း)**

**https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%99%E1%80%**

## အိန္ဒိယနိုင်ငံတွင် ကုလားပဲသွင်းကုန်ခွန် ၆၆ ရာခိုင်နှုန်းကိုဖယ်ရှားခဲ့ပြီး စားတော်ပဲအား အကောက်ခွန်လွတ်တင်သွင်းမှုကို အချိန်တိုးမြှင့်သတ်မှတ်

အိန္ဒိယနိုင်ငံတွင် အစိုးရသည် ပဲမျိုးစုံဈေးနှုန်းများ မြင့်တက်လာမှုကိုလျှော့ချနိုင်ရန် ကုလားပဲအပေါ် စည်းကြပ်ကောက်ခံသော သွင်းကုန်ခွန် ၆၆ ရာခိုင်နှုန်းအား ဖယ်ရှားခဲ့ကြောင်းနှင့် စားတော်ပဲ(yellow peas)အား အကောက်ခွန်လွတ်တင်သွင်းခွင့်ကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလအထိ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၄ ရက်နေ့ကဖော်ပြသည်။ လတ်တလောတွင် စားတော်ပဲဈေးနှုန်းသည် တစ်ကွင်တယ်(၁၀၀ ကီလိုဂရမ်) လျှင် အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်း(Minimum support price-MSP)ရူပီး ၅၄၄၀ ထက် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်း ကျော်လွန်နေသည့်အတွက်ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ယခုနှစ်ကုလားပဲစိုက်ကေသည် တန်ချိန် ၁၂၁ ဒသမ ၆၁ သိန်းရှိမည်ဟု ခန့်မှန်းထားပြီး၊ ယခင်နှစ်က တန်ချိန် ၁၂၂ ဒသမ ၆၇ သိန်းရှိခဲ့သည့်အတွက် ကျဆင်းခဲ့ကြောင်းသိရသည်။ တစ်ချိန်တည်းတွင် ပဲဝယ်လိုအား မြင့်တက်လာမှုကြောင့် ဈေးနှုန်းများမြင့်တက်လာသည့်အတွက် အစိုးရအနေဖြင့် ဗဟိုသိုလှောင်ရုံအတွက် လိုအပ်သောပဲများကို

ဝယ်ယူဖြည့်တင်းရန် ခက်ခဲလာခဲ့သည်။

ယခုနှစ် ပဲရာသီအတွင်း ကုလားပဲ ၇၆၅ တန်သာ ဝယ်ယူခဲ့ကြောင်း အစိုးရအချက်အလက်များအရသိရသည်။ အစိုးရက ယခုကဲ့သို့ သွင်းကုန်ခွန်ဖယ်ရှားသတ်မှတ်ခဲ့သည့်အတွက် စားသုံးသူများအတွက် အကျိုးကျေးဇူးရှိမည်မှန်သော်လည်း တောင်သူများအတွက် အခက်အခဲဖြစ်စေနိုင်ကြောင်း ကျွမ်းကျင်သူတို့က သုံးသပ်ကြသည်။ အဘယ်ကြောင့်ဆိုသော် အထူးသဖြင့် ဩစတေးလျနိုင်ငံမှ တင်သွင်းသော ကုလားပဲများက ဈေးနှုန်းချိုသာသည့်အတွက် တောင်သူများအနေဖြင့် ပြည်တွင်းဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချရန် ခက်ခဲနိုင်စေသည့်အတွက်ဖြစ်သည်။ ဩစတေးလျနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ နှစ်စဉ် ကုလားပဲတန်ချိန် ၁ ဒသမ ၅ သိန်းမှ ၂ သိန်းအထိ တင်သွင်းလျက်ရှိကြောင်း သိရသည်။

မတ်ပဲ၊ ပဲတီစိမ်းနှင့် ကုလားပဲအထွက်နှုန်းများကျဆင်းကာ ပဲမျိုးစုံထုတ်လုပ်မှု ကျဆင်းလာနေသည့်အပေါ် တုံ့ပြန်သည့်အနေဖြင့် အစိုးရက ယခုကဲသို့ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွက် ပဲမျိုးစုံထုတ်လုပ်မှုသည် တန်ချိန် ၂၃၄ ဒသမ ၄၂ သိန်းရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားပြီး ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၂၆၀ ဒသမ ၅၈ သိန်းရှိခဲ့သည့်အတွက် ကျဆင်းလာကြောင်းသိရသည်။

Source: The Hindu Businessline, India removes duty on chana, extends import window for yellow peas again to boost pulses' supply, May 4, 2024

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/article/STP(Ygn)_08052024_21:33

## အိန္ဒိယနိုင်ငံတွင် ထောပတ်သီးစားသုံးမှုမြင့်တက်လာလျက်ရှိကာ နှစ်စဉ်ပြည်ပမှတင်သွင်းမှု နှစ်ဆတိုးမြင့်လာ

အိန္ဒိယနိုင်ငံတွင် ထောပတ်သီးစားသုံးမှုတိုးမြင့်လာလျက်ရှိကာ ၂၀၂၁ ခုနှစ်မှစ၍ နှစ်စဉ် ပြည်ပမှတင်သွင်းမှု နှစ်ဆတိုးမြင့်လာခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ဧပြီလ ၃၀ ရက်နေ့က ဖော်ပြသည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် ထောပတ်သီး ၁၀၀၀ တန်၊ ၂၀၂၂ ခုနှစ်က ၂၀၀၀ တန်၊ ၂၀၂၃ ခုနှစ်တွင် ၄၀၀၀ တန်အထိတင်သွင်းခဲ့ကာ ၂၀၂၄ ခုနှစ်တွင် ၈၀၀၀ တန်အထိတင် နှစ်ဆတိုးမြင့် တင်သွင်းဖွယ်ရှိကြောင်း တောင်အာဖရိကအခြေစိုက် Westfalia Fruit ကုမ္ပဏီက ပြောကြားခဲ့သည်။

နှစ်စဉ် ကမ္ဘာ့ထောပတ်သီးရောင်းချမှုမှာ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ တိုးမြင့်လာသည့် အချိန်တွင် အိန္ဒိယနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်းတိုးတက်လာနေကြောင်းနှင့် အိန္ဒိယနိုင်ငံသို့ ထောပတ်သီးတင်သွင်းမှုစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကျော်ကို Westfalia Fruit ကုမ္ပဏီမှ တင်သွင်းခဲ့ကြောင်း သိရသည်။

အစပထမပိုင်းတွင် ထောပတ်သီးကို ပီရူးနိုင်ငံ၊ ချီလီနိုင်ငံ၊ နယူးဇီလန်ကဲ့သို့နိုင်ငံများမှ လေကြောင်းဖြင့် ပို့ဆောင်ခဲ့သည့်အတွက် စရိတ်စကကြီးမြင့်ပြီး၊ ထောပတ်သီးဈေးနှုန်းများလည်း မြင့်တက်ခဲ့ကြောင်း၊ ယခုအခါ ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြောင်းလဲပို့ဆောင်နေကြပြီး၊ အိန္ဒိယစားသုံးသူများအနေဖြင့် ကင်ညာ၊ တောင်အာဖရိက၊ ဘရာဇီးနှင့်ဩစတြေးလျနိုင်ငံတို့မှ တင်ပို့သော ထောပတ်သီးများကို သင့်တင့်မျှတသော လက်လီဈေးနှုန်းဖြင့် ဝယ်ယူရရှိစေကြောင်း သိရသည်။

ထောပတ်သီးစားသုံးခြင်းသည် ကျန်းမာရေးအတွက် အထောက်အကူပြုသကဲ့သို့ စားသောက်ဖွယ်ရာမျိုးစုံတွင် ပေါင်းစပ်ပြင်ဆင်ထည့်သွင်း၍ စားသောက်နိုင်သည့်အတွက် လူကြိုက်များလာခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံ၊ ကမ္ဘာ့ထောပတ်သီးအဖွဲ့ (World Avocado Organization)က ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ထောပတ်သီးကို ရေခဲမုန့်၊ ဖျော်ရည်နှင့် လူကြိုက်များသော ရိုးရာအစားအစာများတွင် စတင်ထည့်သွင်းအသုံးပြုလာကြကြောင်း သိရသည်။

ယခုအခါ အိန္ဒိယနိုင်ငံ၊ Kerala ပြည်နယ်ကဲ့သို့ ပြည်နယ်များတွင် ထောပတ်သီးကို စတင်စိုက်ပျိုးလာကြပြီး၊ ပြည်တွင်းဝယ်လိုအားကို ထောက်ပံ့နိုင်ရန် ကြိုးပမ်းလာကြကြောင်းသိရသည်။ ဩစတြေးလျနိုင်ငံသည် တိုးတက်လာသော အိန္ဒိယထောပတ်သီးဈေးကွက်သို့ ဝင်ရောက်နိုင်ရန် လွန်ခဲ့သောသုံးလခန့်က စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး၊ ခိုင်မာသောဝယ်လိုအားနှင့် ဈေးကွက်အခြေအနေကိုတွေ့ရှိခဲ့ကြောင်း Australia avocado ကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ် John Tassie က အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့ကြောင်း Money Control သတင်းဌာနက မတ်လ ၂၂ ရက်နေ့က ဖော်ပြခဲ့သည်။

၂၀၁၄ ခုနှစ်က အိန္ဒိယ ထောပတ်သီးဈေးကွက်အရွယ်အစားမှာ ကန်ဒေါ်လာ ၂၁၀၀၀ ခန့်သာရှိခဲ့ပြီး၊ ၂၀၂၁ ခုနှစ်တွင် ကန်ဒေါ်လာ ၂ ဒသမ ၅ သန်းအထိ ကြီးထွားလာခဲ့ကြောင်း၊ ထို့ကြောင့် ဩစတေးလျနိုင်ငံအနေဖြင့် အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကဲ့သို့ အာရှပစိဖိတ်ဈေးကွက်များသို့ တိုးချဲ့တင်ပို့ရန်ပြင်ဆင်လျက်ရှိကြောင်း ၎င်းကပြောကြားခဲ့သည်။

၎င်းတို့နိုင်ငံအနေဖြင့် လာမည့်နှစ်အနည်းငယ်အတွင်း ထောက်ပတ်သီး ၁၇၀,၀၀၀ တန်ခန့်ထုတ်လုပ်သွားနိုင်ရန် ခန့်မှန်းထားကြောင်း၊ အဆိုပါထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့ရောင်းချသွားရန်ရည်ရွယ်ထားကြောင်း သိရသည်။ သို့သော် မက္ကဆီကို၊ အမေရိကန်ပြည်ထောင်စုနှင့် ကိုလံဘီယာနိုင်ငံတို့မှ အရည်အသွေးနိမ့်ပြီး ဈေးသက်သာသော ထောပတ်သီးများနှင့် ဈေးကွက်ယှဉ်ပြိုင်ရဖွယ်ရှိကြောင်းနှင့်ဩစတေးလျနိုင်ငံအနေဖြင့် အရည်အသွေးမြင့်မားသော ထောပတ်သီးကို တစ်နှစ်ပတ်လုံးရရှိနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Source: The Hindu Businessline, Avocado traders bets big on rising consumption in India, April 30, 2024

Money Control, India consumes 4000 tons of Avocado’s per year, Reasons behind the rising demand, March 22, 2024

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/article/STP(Ygn)_08052024_21:42

## STOCK EXCHANGE (9.5.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th May, 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,091 (Shares) | 23,463,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +100 | +1.16% | 8,500 | 8,700 | 8,500 | 1,962 | 17,059,400 | 33,109,694 | 288,054 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 1,787 | 5,154,800 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +100 | +1.28% | 7,900 | 7,900 | 7,900 | 109 | 861,100 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 79 | 122,450 | 29,664,613 | 45,980 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 0 | 0 | 12,823,224 | 37,829 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,650 | 1,650 | 1,650 | 144 | 237,600 | 19,977,223 | 32,962 |
| AMATA | 00007 | 4,600 | -100 | -2.13% | 4,600 | 4,600 | 4,600 | 3 | 13,800 | 10,497,598 | 48,289 |
| MAEX | 00008 | 2,100 | +50 | +2.44% | 2,050 | 2,100 | 2,050 | 7 | 14,550 | 23,804,946 | 49,990 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 9th May, 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 370.15 | +1.85 | +0.50% | 364.98 | 370.15 | 364.98 | 4,091 | 23,463,700 | 8 | 698,167 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 9th May, 2024

| Trading Volume | Trading Value |
|---|---|
| 4,091 (Shares) | 23,463,700 (MMK) |

## Main Board

As of 1:00 pm, 9th May, 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,091 (Shares) | 23,463,700 (MMK) |

| MYANPIX | 370.15 ▲ 1.85 |
|---|---|
| Total Volume (shares) | 4,091 |
| Total Value (MMK) | 23 mil |
| Listed Company | 8 |
| Market Cap. (MMK) | 698,167 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 100 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,950 | ▲ 0 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 4,600 | ▼ 100 |
| MAEX | 00008 | 2,100 | ▲ 50 |

TIR